

# Mingalaba
# မင်္ဂလာပါ

ADRA

133 | DECEMBER 22

## စောကညော်၏ ဇာတ်ကြောင်း

ကျန်းမာသောလူနေမှုပုံစံအတွက် အမူအကျင့်များကို ပြောင်းလဲခြင်း

Mingalaba
မင်္ဂလာပါ
အတွဲ ၃၃၊ ဒီဇင်ဘာလ ၂၀၂၂


## မာတိကာ


၂ ဆောင်းပါး
မျက်နှာဖုံးဓာတ်ပုံ
အယ်ဒီတာအဖွဲ့

၃ ဆောင်းပါး
သတင်းစကား

၄ သတင်းစကား
မီဒီယာမှ
ကျွန်ုပ်တို့ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း

၅ ကျွန်ုပ်တို့ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း
ယခုလ ဓာတ်ပုံကဏ္ဍ

၆ နောက်ဆုံးရ စီမံကိန်းအချက်အလက်များ

၁၀ အလုပ်ခေါ်စာများ/ တင်ဒါခေါ်ယူမှုများ
ကျွန်ုပ်တို့ကို ဆက်သွယ်ရန်


## အယ်ဒီတာအဖွဲ့



မျက်နှာဖုံးဓာတ်ပုံ

ယခုလအတွက် မျက်နှာဖုံးဓာတ်ပုံ မှာMOFA စီမံကိန်းမှ အကျိုးခံစား ခွင့်ရှိသူ မောင်စောကညော်ပင် ဖြစ်သည်။

Photo: © 2022 ADRA Myanmar| MOFA Project


အယ်ဒီတာ/ ဘာသာပြန်
Pyae Phyo Lin

ကြီးကြပ်မှုအယ်ဒီတာ
Vitalie Zegera

ပံ့ပိုးအားဖြည့်ပေးသူများ
Win Win Thant, Naw Htoo Eh Wah, Nang Nom Hsaing, Moe July Aung, May Thagyan Soe, David Cung Lan Thang , Aung Cho Min, Saw Dawait.

ထုတ်ဝေသူ
ADRA Myanmar

ADRA

‘ မင်္ဂလာပါ ’ သည် ADRA Myanmar ၏ သတင်းလွှာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ပြန်လည် မိတ်ဆက်ထုတ်ဝေခြင်းဖြစ်ပါသည်။ ယင်းသတင်းလွှာပါဓာတ်ပုံများနှင့် အကြောင်းအရာများသည် ADRA Myanmar ၏ မူပိုင်လည်းဖြစ်ပါသည်။


## ဆောင်းပါး



### ကျန်းမာသော လူနေမှုပုံစံအတွက် အမူအကျင့်များကို ပြောင်းလဲခြင်း

အသက် ၁၁ နှစ်အရွယ် ကရင်ပြည်နယ်မှ စောကညော်တွင် မိသားစုဝင်ခုနစ်ဦးရှိသည်။ သူသည်လေးတန်းကျောင်းသားဖြစ်ပြီး သူ့မိသားစုမှ လယ်ယာလုပ်ကိုင်သည်ဖြစ်သည်။

သူတို့မိသားစုအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးတွင် ဗဟုသုတအနည်းအကျဉ်းရှိသော်လည်း လက်တွေ့ကျင့်သုံးမှုကတော့ အလေ့အကျင့်မရှိကြပေ။ ထို့ကြောင့် အိမ်သာတက်ပြီးတိုင်းလက်ဆေးရန်လည်း ဆပ်ပြာနှင့်ရေတို့ အိမ်သာရှေ့တွင်ထားရှိခြင်းမရှိပေ။

“တစ်ကိုယ်ရေသန့်ရှင်းရေးကို လေ့ကျင့်မှုနည်းတယ်။ ဒါကြောင့်ကျွန်တော်တို့အနေနဲ့ ဝမ်းပျက်တာတို့ ဝမ်းလျှောတာတို့ ခဏခဏဖြစ်တယ်။ အိမ်မှာလည်း တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းတွေကို မထားပေးထားတဲ့အပြင် အလေ့အကျင့်လုပ်ဖို့လည်း မတိုက်တွန်းပါဘူး” ဟု သူကဆိုသည်။

ADRA စီမံကိန်း ရွာသို့ရောက်လာသောအခါ ကျောင်းတွင် တစ်ကိုယ်ရေသန့်ရှင်းမှု အသိပညာပေးသင်တန်းကို ပြုလုပ်ပေးပြီး MOFA စီမံကိန်းမှ တစ်ဆင့်လည်း ADRA သည် သွားတိုက်တံ၊ ဆပ်ပြာနှင့် လက်သည်းညှပ်များ တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများကို ပံ့ပိုးပေးခဲ့ပါသည်။ လက်ကို ဆပ်ပြာနဲ့ စနစ်တကျ ဆေးကြောဖို့ လေ့ကျင့်ပေးခဲ့ပြီး  စီမံကိန်းသည် ကျေးရွာတစ်ရွာလျှင် တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်သူ ၈ ဦးကို ရွေးချယ်၍ တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ရေးကော်မတီများကိုလည်း ဖွဲ့စည်းပေးခဲ့သည်။

ရွေးချယ်ခံရသော တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်သူအနေဖြင့် သက်တူရွယ်တူ သူငယ်ချင်းများအား တစ်ကိုယ်ရေသန့်ရှင်းရေးသင်တန်းများပို့ချပေးပြီးနောက် တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ရေးကော်မတီများသည် မိဘများအား တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုများကို အသိပညာပေးခြင်းနှင့် ကလေးများ၏ တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာပစ္စည်းများကို အားပေးကူညီရန်လည်း အသိပညာပေးနိုင်ခဲ့သည်။

မောင်ကညော်အပါအဝင်ဒေသခံများအနေဖြင့် ဆပ်ပြာ၊ လက်သည်းညှပ်နှင့် သွားတိုက်တံကဲ့သို့သော တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများကို လက်ခံရရှိပြီး လေ့ကျင့်ချိန်အတွင်း အာဟာရအတွက် ပဲနို့နှင့် ပေါင်မုန့်တို့ကို စားခဲ့သည်။ ထို့အပြင် တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အသိပညာပေးမှုနှင့် အာဟာရပြည့်ဝသော အစားအသောက်အုပ်စုသုံးမျိုး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အိမ်သာအသုံးပြုမှုနှင့် လက်ကိုဆပ်ပြာဖြင့် အဆင့်ဆင့်ဆေးကြောခြင်းနည်းလမ်းများကိုလည်း လက်တွေ့သင်ကြားသိရှိခဲ့ရသည်။

ယင်းလှုပ်ရှားမှုမှ တိုးတက်မှုအနေဖြင့် အစာမစားမီနှင့် အစာစားပြီးနောက် လက်ဆေးခြင်းကို အလေ့အကျင့်ပြုလုပ်နိုင်လာခဲ့သည်။ တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အသိပညာပေးမှုကို လက်ခံရရှိပြီးနောက် အိမ်ရှိ ညီအစ်ကို မောင်နှမများနှင့် မိသားစုဝင်များကိုလည်း ပြန်လည်မျှဝေနိုင်ခဲ့သည်။ ရလဒ်အနေဖြင့် မိဘများသည်ကို လက်ကို ဆပ်ပြာနှင့် ဆေးကြောရန် အမြဲတိုက်တွန်းအားပေးလာခဲ့သည်ဖြစ်သည်။

> “ အလျှုရှင်နဲ့ ADRA ကို တကယ်ကျေးဇူးတင်ပါတယ်။ အရင်က တစ်ခါမှ မသိခဲ့ဖူးတဲ့ တစ်ကိုယ်ရေသန့်ရှင်းမှု အသိပညာပေး လေ့ကျင့်မှုတွေကို ကြားသိလာရတယ်။ ဒီအမူအကျင့်တွေ ပြောင်းလဲလာစေဖို့နဲ့ အသိပညာတိုးလာဖို့အတွက် အိမ်နီးနားချင်းတွေနဲ့ သူငယ်ချင်းတွေကိုလည်း အားပေးတိုက်တွန်းမျှဝေပေးပါမယ်”



## သတင်းစကား

အကောင်းဘက်မှ ရှုမြင်ပါ

အပြုသဘောဆောင်သောစိတ်ထားရှိခြင်းသည် လူတစ်ဦး၏စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကောင်းမွန်မှုအပေါ် လေးနက်သောအကျိုးသက်ရောက်မှုရှိနိုင်သည်။ အပြုသဘောဆောင်သော စိတ်ထားရှိသောအခါ၊ အခက်အခဲများအစား အခွင့်အလမ်းတွေကို မြင်နိုင်သည်။ ပြဿနာတွေကို အဖြေရှာဖို့နဲ့ အခက်အခဲတွေကို ရင်ဆိုင်ရာမှာ ခံနိုင်ရည်ရှိရန်မှာ အလားအလာပိုများလာသည်။

အပြုသဘောဆောင်သောစိတ်ထားကို မွေးမြူရန် နည်းလမ်းအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

မျှော်လင့်ချက်ထားပါ– သင်သည်မည်သည့်စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါစေ၊ အနာဂတ်အတွက် မျှော်လင့်ချက်ထားရှိရန် ကြိုးစားပါ။ သင့်ဘဝမှာ အပြုသဘောဆောင်သော သက်ရောက်မှုတွေ ပေးနိုင်သည်ဆိုသည်ကို ယုံကြည်ပါ။

အခြားသူများနှင့် ဆက်သွယ်ပါ– မိသားစု၊ သူငယ်ချင်းများနှင့် အသိုက်အဝန်းတို့နှင့် ခိုင်မာသော ဆက်ဆံရေးကို တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းသည် ပိုင်ဆိုင်မှုနှင့် ရည်ရွယ်ချက်ကို ပေးစွမ်းနိုင်ပြီး အမြင်သစ်များနှင့် အကြံဉာဏ်သစ်များ ရရှိရန် ကူညီပေးနိုင်ပါသည်။

မိမိကိုယ်မိမိ အပျက်သဘောဆောင်သော ပြောဆိုခြင်းကို ရှောင်ကြဉ်ပါ– အတွေးတွေကို သတိထားပြီး အဆိုးမြင်အတွေးတွေကို အပြုသဘောနဲ့ အစားထိုးဖို့ ကြိုးစားပါ။ အပျက်သဘောဆောင်သော မိမိကိုယ်ကို ပြောဆိုခြင်းတွင် သင်ကိုယ်တိုင် ပါဝင်နေသည်ကို သတိပြုမိသောအခါ၊ အပြုသဘောဆောင်သောအတွေးဘက်ကို သတိရှိရှိ ပြန်ပြောင်းပါ။

အမှားများမှ သင်ခန်းစာယူပါ– အမှားများနှင့် နောင်တများကို တွေးတောစိတ်ညစ်နေမည့်အစား ၎င်းတို့ထံမှ သင်ယူပြီး နောက်တစ်ကြိမ် ပိုမိုကောင်းမွန်အောင်လုပ်ဖို့ အစီအစဉ်ဆွဲပါ။

သင့်စိတ်နေစိတ်ထားကို ပြောင်းလဲခြင်းသည် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး အပြုသဘောဆောင်သောစိတ်ထားကို မွေးမြူရန် အချိန်နှင့် ကြိုးစားအားထုတ်မှု လိုအပ်ကြောင်း သတိရရန်မှာလည်း အရေးကြီးသည်။ သို့သော် လေ့ကျင့်မှုနှင့် လိုက်လျောညီထွေရှိမှုဖြင့် သင်သည် ဘဝအပေါ် ပိုမိုအပြုသဘောဆောင်သော အမြင်ကို ဖန်တီးနိုင်ပြီး ပိုမိုပျော်ရွှင်ပြီး ပိုမိုပြည့်စုံသောဘဝကို ပိုင်ဆိုင်နိုင်လာမည်လည်းဖြစ်သည်။

Justice
Compassion
Love

www.adramyanmar.org

## ကျွန်ုပ်တို့ဝန်ထမ်းနှင့် တွေ့ဆုံခြင်း



## WAI MAR MYINT

Project Officer/ WC4P Project

**Q1 ဘာလူမျိုး / ဘယ်နိုင်ငံသားပါလဲ။**
မြန်မာ

**Q2 အကြိုက်ဆုံးအစားအစာက ဘာပါလဲ။**
သရက်သီးနှင့် ဝက်သားဟင်း

**Q3 အကြိုက်ဆုံးအရောင်က ဘာအရောင်ပါလဲ။**
အနီနှင့် အဖြူ

**Q4 ပျော်ရွှင်ဖို့အတွက် ဘာကိုလုပ်ရတာ အကြိုက်ဆုံးလဲ။**
Netflix မှ ရုပ်ရှင်များကို ကြည့်ရှုတာရ နှစ်သက်ပါတယ်။

**Q5** ဘယ်နေရာဒေသ ဒါမှမဟုတ် ဘယ်နိုင်ငံကို သွားလည်ချင်ပါသလဲ။

Germany

**Q6** ကိုယ့်ကိုယ်ကိုယ် စကားလုံးတစ်လုံးတည်းနဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ချင်လဲ။

Adaptable

**Q7** ADRA ကိုဘယ်တုန်းက စတင်ဝင်ရောက်ခဲ့တာပါလဲ။

2021-December

**Q8** ADRA မှာ အလုပ်လုပ်ရတာ ဘာကြောင့်ကြိုက်နှစ်သက်ပါသလဲ။

ADRA Myanmar ရဲ့ဆောင်ပုဒ်ဖြစ်တဲ့ "Justice, Compassion, and Love ကို ကြိုက်နှစ်သက်တာကြောင့်ပါ။

## ယခုလအတွက် ဓာတ်ပုံ



## ဒီဇင်ဘာလ

ဓာတ်ပုံ

JPF Project

ဓာတ်ပုံ၏အကြောင်း

ADRA Japan နှင့် Japan Platform မှ ရန်ပုံငွေထောက်ပံ့ပေးထားသော JPF စီမံကိန်းသည် ကရင်ပြည်နယ်ရှိ အကျိုးခံစားခွင့်ရှိသူများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့ပေးခဲ့သည်ကိုတွေ့ရစဉ်။

# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ







## VESI

ယခုလတွင် LIFT မှ ရန်ပုံငွေထောက်ပံ့ထားပြီး မိတ်ဖက် AVSI နှင့် FRC တို့နှင့် အတူပူးပေါင်းဆောင်ရွက်နေသော VESI စီမံကိန်းအား အလှူရှင်မှ နောက်ဆုံးအကဲဖြတ်ခြင်းကို ပြုလုပ်ခဲ့ပြီး အကျိုးခံစားခွင့်ရှိသူ သုံးဖွဲ့နှင့်အတူ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ တတိယပတ်တွင် အွန်လိုင်း Zoom မှ တစ်ဆင့် ပြုလုပ်ခဲ့သည်။

VESI စီမံကိန်းသည် ၂၀၂၃ ခုနှစ် မတ်လအထိ သုံးလ သက်တမ်းတိုး၍ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

## CASE2Learn

ဥရောပသမဂ္ဂ(EU)က ရန်ပုံငွေထောက်ပံ့ပေးထားပြီး မိတ်ဖက် ADRA UK၊ ADRA Germany ၊ RISE တို့နှင့် အတူတကွပူးပေါင်းဆောင်ရွက်နေသော CAES2Learn စီမံကိန်းသည် ဦးဆောင်ကော်မတီအစည်းအဝေးကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ဒီဇင်ဘာလ ၁၆ ရက်နေ့က ပြုလုပ်ခဲ့သည်။

ယင်းအစည်းအဝေးတွင် ဝေးလံခေါင်သီသောဒေသများတွင် တွေ့ကြုံရသည့်အခက်အခဲများ မိတ်ဖက်များ၏ အခြေအနေများ၊ အစီအစဉ်မွမ်းမံမှုများနှင့် စီမံကိန်းပြင်ဆင်ခြင်းဆိုင်ရာ တင်ပြချက်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီး EU ကိုယ်စားလှယ်များ၊ ADRA Myanmar ဝန်ထမ်းများနှင့် CASE2Learn စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် မိတ်ဖက်အဖွဲ့အစည်းများ အသီးသီး တက်ရောက်ခဲ့ကြသည်။









# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ









## ReCAP

Relief for vulnerable population Population (ReCAP) စီမံကိန်းသည် ကရင်ပြည်နယ်တွင် CIDKP နှင့် ပူးပေါင်း၍ တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ရေး ToT သင်တန်းကို ဒီဇင်ဘာလ ၅ ရက်နေ့မှ ဒီဇင်ဘာလ ၉ ရက်နေ့အထိ ပြုလုပ်ခဲ့သည်။

ရပ်ရွာသန့်ရှင်းရေးမြှင့်တင်သူများ (CHPs) မှ အမျိုးသား၄၂ ဦးနှင့် အမျိုးသမီး၈ ဦးတို့ သင်တန်းတွင် ပါဝင်ပြီး ငှက်ဖျားနှင့် ဝမ်းပျက်ဝမ်းလျှောသင်တန်းများ အပါအဝင် တစ်ကိုယ်ရေသန့်ရှင်းရေးအသိပညာပေးခြင်းအစီအစဉ်များ ပါဝင်ခဲ့သည်။

WASH လေ့ကျင့်သင်ကြားခြင်းနှင့် သက်ဆိုင်ရာ WASH NFI ၏ အရေးပါမှုကို လက်တွေ့အသုံးပြုခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းမှ တစ်ဆင့် IDP များနှင့် လူမှုအသိုင်းအဝိုင်းသို့ တစ်ကိုယ်ရေသန့်ရှင်းရေးအစီအမံများ မြှင့်တင်ရန် အဓိကအားဖြင့် ရည်ရွယ်သည်။

## SEAQE2

ယခုလတွင် Norad နှင့် ADRA Norway တို့က ရန်ပုံငွေထောက်ပံ့ပေးထားသော SEAQE2 စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးစီးခဲ့သည်။

– သောက်ရေသန့် ရရှိမှု လက်လှမ်းမီမှု အားနည်းသော ACS ကျောင်း ၁၃ ကျောင်းအား ရေသန့်စက် (၂၆ လီတာ) ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

– NFE Program Batch (1/2022) သင်တန်းကို အောင်မြင်စွာ ပြီးမြောက်ခဲ့သော ကျောင်းသား ၃၅ ဦးအတွက် သင်တန်းဆင်းပွဲ အခမ်းအနားကို တစ်ပါတည်းကျင်းပခဲ့ပါသည်။

– ကျောင်းဆောင်သစ်ဆောက်လုပ်မှု ပဏာမအဆင့်ဖြစ်သည့် Padel Kaw School Pegging Program ကို ဒီဇင်ဘာ ၁၈ ရက်က ပြီးစီးခဲ့ပြီး လေးဖိုးထဲ့ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်တွင် ကျင်းပခဲ့သည်။













# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ







## JPF

ယခုလတွင် ADRA Japand နှင့် Japan Platform မှ ရန်ပုံငွေထောက်ပံ့ပေးထားသော JPF စီမံကိန်းသည် ကရင်ပြည်နယ်အတွင်း အစားအသောက်နှင့် ကျန်းမာရေးဆိုင်ရာ အကာအကွယ်ပစ္စည်းများ ဖြန့်ဝေပေးခဲ့သည်။

JPF စီမံကိန်းအဖွဲ့သည် ယခုကဲ့သို့ပစ္စည်းများ ဖြန့်ဖြူးမည့်ရက်နှင့်နေရာကို အတည်ပြုရန်အတွက် နိုဝင်ဘာ ၂၄ ရက်နေ့က ရပ်ရွာကယ်ဆယ်ရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။





## SHAPE

MFAT နှင့် ADRA New Zealand မှ ရန်ပုံငွေထောက်ပံ့ပေးထားသော SHAPE စီမံကိန်းသည် အိမ်တွင်းဥယျာဉ်စိုက်ပျိုးခြင်းသင်တန်းကို ကျင်းပပါသည်။ အဆိုပါသင်တန်းတွင် အိမ်တွင်းဥယျာဉ်စိုက်ပျိုးနည်းစနစ်များ၊ အရည်အသွေးကောင်း မျိုးစေ့ကောင်းများရွေးချယ်ခြင်း၊ ဓာတ်မြေသြဇာအသုံးပြုခြင်း၊ ပိုးမွှားများကို စီမံခန့်ခွဲခြင်းစသည်ဖြင့် သင်တန်းတွင် လူ ၆၅ ဦး တက်ရောက်ခဲ့ပါသည်။

– ရေဝေရေလဲထိန်းသိမ်းရေး ဆွေးနွေးပွဲကို လုံကုန်းကျေးရွာတွင် ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ အရေးကြီးသော ရေဝေရေလဲဒေသများ ထိန်းသိမ်းစောင့်ရှောက်ရေး၏ အရေးပါမှုနှင့် လိုအပ်မှုတို့ကို အသေးစိတ် မိတ်ဆက်ခြင်း ဖြစ်ပါသည်။ အဆိုပါတွေ့ဆုံပွဲသို့ ကျေးရွာမှလူ၂၉ ဦး တက်ရောက်ခဲ့သည်။

– မြေပုံသင်တန်းကို ရွာသုံးရွာကိုယ်စားပြု Lungngo ရွာတွင် ပြုလုပ်ခဲ့သည်။ အဓိက ရည်ရွယ်ချက်မှာ Carry Map ကို အသုံးပြုခြင်းနှင့် စိုက်ပျိုးမြေ တိုးချဲ့ခြင်းနှင့် မြေယာစီမံခန့်ခွဲမှုများတွင် အသုံးပြုခြင်းနှင့် ရင်းနှီးကျွမ်းဝင်စေရန် ကူညီပေးရန်ဖြစ်သည်။ အဆိုပါသင်တန်းတွင် လူ ၄၁ ဦး ပါဝင်ခဲ့သည်။





## နောက်ဆုံးရ စီမံကိန်း အချက်အလက်များ








# WC4P

UNICEF မှ ရန်ပုံငွေထောက်ပံ့ထားသော WC4P စီမံကိန်းသည် ယခုလအတွင်း အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့သည်။

- ခေါင်းဆောင်မှု၊ ဖျန်ဖြေရေးနှင့် စေ့စပ်ညှိနှိုင်းရေးသင်တန်းကို မြဝတီမြို့နယ်တွင် နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပခဲ့ပါသည်။ သင်တန်းသို့ အမျိုးသမီး၊ လူငယ်နှင့် ရပ်ရွာခေါင်းဆောင် အပါအဝင် ရပ်ရွာလူထု ၂၈ ဦး တက်ရောက်ခဲ့ပါသည်။

- လှိုင်းဘွဲ့မြို့နယ် သမိုကျေးရွာတွင် လူငယ်များ ဦးဆောင်၍ သုတေသနပြုလုပ်ခြင်းကို ဒီဇင်ဘာ ၃၀ ရက်နေ့က ပြုလုပ်ခဲ့သည်။ ယင်းသင်တန်းမှတဆင့် လူငယ်များသည် သုတေသနပြုခြင်းဆိုင်ရာ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများ ရရှိခဲ့ပြီး WASH နှင့် ပတ်သက်သော လိုအပ်ချက်များနှင့် ၎င်းတို့၏ ရပ်ရွာအတွင်းရှိ အရေးကြီးသော ပြဿနာများကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။

- မြဝတီမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်တို့တွင် တစ်ကိုယ်ရေသန့်ရှင်းမှု မြှင့်တင်ရေး ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ ရပ်ရွာလူထု ၂၃၉၀ ဦးသည် လက်သန့်ရှင်းရေး၊ အစားအသောက် သန့်ရှင်းရေး၊ ရေသန့်ရှင်းရေးနှင့် အိမ်သာသန့်ရှင်းရေးဆိုင်ရာ အသိပညာပေးမှုများကို လက်ခံရရှိခဲ့ပါသည်။



## အလုပ်ခေါ်စာများနှင့် တင်ဒါခေါ်ယူမှုများ

အောက်ဖော်ပြပါရာထူးများနှင့် ပတ်သက်၍ မည်သို့လျှောက်ထားရမည်ကို အသေးစိတ်သိရှိနိုင်ရန် **www.adramyanmar.org/jobs** တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

## ကျွန်ုပ်တို့နှင့် ဆက်သွယ်ပါ။

**The Adventist Development & Relief Agency Myanmar**
Apartment 3-2, 4th Floor, Block A, E Condominium,
Zay North Street (Off U Wisara Road),
Dagon Township, Yangon MYANMAR 11191

Phone: +95 1 240 900
Email: admin@adramyanmar.org
Website: www.adramyanmar.org

**ADRA Myanmar** အနေဖြင့် လိမ်လည်ခြင်း၊ အကျင့်ပျက်ခြစားခြင်းနှင့် ကလေးသူငယ်များကို ထိပါးနှောင့်ယှက်ခြင်း စသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ လုံးဝလက်ခံသည်မဟုတ်ပါ။ အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍လည်း **www.adramyanmar.org/report** တွင် ပေးပို့တင်ပြနိုင်ပါသည်။

# ADRA Myanmar Christmas Donation













# CALENDAR



## JANUARY 2023

| SUN တနင်္ဂနွေ | MON တနင်္လာ | TUE အင်္ဂါ | WED ဗုဒ္ဓဟူး | THU ကြာသပတေး | FRI သောကြာ | SAT စနေ |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 Independence Day | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | 31 | | | | |

### UPCOMING EVENTS

Timesheets are due on the 25th of each month

ADRA